ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

THE UNION OF MYANMAR
THE STATE PEACE AND DEVELOPMENT COUNCIL

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

# THE ANTI TRAFFICKING IN PERSONS LAW

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(13th SEPTEMBER, 2005)

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ

# THE ANTI TRAFFICKING IN PERSONS LAW

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | အခန်း (၁) | | |
| ၁။ | အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက် | - | ၁ |
| | အခန်း (၂) | | |
| ၂။ | ရည်ရွယ်ချက်များ | - | ၃ |
| | အခန်း (၃) | | |
| ၃။ | ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | - | ၆ |
| | အခန်း (၄) | | |
| ၄။ | လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ | - | ၉ |
| | အခန်း (၅) | | |
| ၅။ | လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း | - | ၁၃ |
| | အခန်း (၆) | | |
| ၆။ | လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း | - | ၁၄ |
| | အခန်း (၇) | | |
| ၇။ | လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းစေခြင်းနှင့် ပြန်လည်ထူထောင်စေခြင်း | - | ၁၆ |
| | အခန်း (၈) | | |
| ၈။ | ရန်ပုံငွေထူထောင်ခြင်း | - | ၁၇ |
| | အခန်း (၉) | | |
| ၉။ | ပြစ်မှုနှင့်ပြစ်ဒဏ်များ | - | ၁၈ |
| | အခန်း (၁၀) | | |
| ၁၀။ | အထွေထွေ | - | ၂၀ |

# Contents


| No. | Particular | | Page |
|---|---|---|---|
| | Chapter I | | |
| 1. | Title, Jurisdiction and Definition | ... | 1 |
| | Chapter II | | |
| 2. | Aims | . | 5 |
| | Chapter III | | |
| 3. | Formation of the Central Body and Functions and Duties Thereof | ... | 6 |
| | Chapter IV | | |
| 4. | Functions and Duties of the Working Groups | ... | 9 |
| | Chapter V | | |
| 5. | Safeguarding the Rights of Trafficked Victims | ... | 13 |
| | Chapter VI | | |
| 6. | Special Protection of Trafficked Victims, Women Children and Youth | ... | 14 |
| | Chapter VII | | |
| 7. | Repatriation, Reintegration and Rehabilitation | ... | 16 |
| | Chapter VIII | | |
| 8. | Establishment of the Fund | ... | 17 |
| | Chapter IX | | |
| 9. | Offences and Penalties | ... | 18 |
| | Chapter X | | |
| 10. | Miscellaneous | ... | 20 |

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ
## ( နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၅ )
## ၁၃၆၇ ခုနှစ်တော်သလင်းလဆန်း ၁၀ ရက်
## ( ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ် တစ်ခုခုပေါ်တွင် ကျူးလွန်လျှင်ဖြစ်စေ၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားက ပြည်ပတွင် ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကိုဆိုသည် -

The Union of Myanmar

The State Peace and Development Council

# The Anti Trafficking in Persons Law

( The State Peace and Development Council Law No. 5/ 2005)

( The 11th Waxing Day of Tawthalin, 1367, M.E. )

( 13th September, 2005)

The State Peace and Development Council hereby enacts the following Law:

## Chapter I

## Title, Jurisdiction and Definition

1. This Law shall be called the Anti Trafficking in Persons Law.

2. This Law shall have jurisdiction on any person who commits any offence cognizable under this Law in the Union of Myanmar, or on board a vessel or an aircraft registered under the existing law of the Union of Myanmar, or on a Myanmar citizen or foreigner residing permanently in the Union of Myanmar who commits the said offence outside the country.

3. The expressions contained in this Law shall have the meanings given hereunder:-

(a) **Trafficking in Persons** means recruitment, transportation, transfer, sale, purchase, lending, hiring, harbouring or receipt of persons after committing any of the following acts for the purpose of exploitation of a person with or without his or her consent:

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် အဝ ရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း။

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက် ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကိုပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

**ရှင်းလင်းချက်(၁)။** ခေါင်းပုံဖြတ်ခြင်းဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည်အခြားသူတစ်ဦး တစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်ခြင်း၊ အဓမ္မ အလုပ်ခိုင်းစေခြင်း၊ အစေခံဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါး ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကို ဖြစ်စေ ပြုရာမှ ငွေကြေးကို သော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

**ရှင်းလင်းချက်(၂)။** ပြည့်တန်ဆာပြုခြင်းဆိုသည်မှာ ငွေကြေး၊ အကျိုးအမြတ် သို့မဟုတ် အခြား အဖိုးတန်ရာ တစ်ခုခုအတွက် ကာမဝပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ် ပေါ်ပေါက်ရန် အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ် ချမှတ် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(1) threat, use of force or other form of coercion;

(2) abduction;

(3) fraud;

(4) deception;

(5) abuse of power or of position taking advantage of the vulnerability of a person;

(6) giving or receiving of money or benefit to obtain the consent of the person having control over another person.

**Explanation (1)** **Exploitation** includes receipt or agreement for receipt of money or benefit for the prostitution of one person by another, other forms of sexual exploitation, forced labour, forced service, slavery, servitude, debt-bondage or the removal and sale of organs from the body.

**Explanation (2)** **Prostitution** means any act, use, consummation or scheme involving the use of a person by another, for sexual intercourse or lascivious conduct in exchange for money, benefit or any other consideration.

**ရှင်းလင်းချက်(၃)။** **ကြွေးမြီပြန်ဆပ်မှုရှောင်ရှားနိုင်စေခြင်း** ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့် အနေဖြင့် ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့် အနေဖြင့်ဖြစ်စေ အလုပ် လုပ်ကိုင်ပေးရမည့် ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက် မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း၊ သို့မဟုတ် ဝန်ဆောင်မှု ပေးစေခြင်းကို ဆိုသည်။

(ခ) **ညစ်ညမ်းအသုံးပုံပြသခြင်း** ဆိုသည်မှာ ကာမရာဂစိတ် နိုးကြွစေရန်အလို့ငှာ မိမိဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါ အစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ အမှုအရာ ပြုလုပ်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီ နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကို ဆိုသည်။

(ဂ) **လူကုန်ကူးခံရသူ** ဆိုသည်မှာ လူကုန်ကူးမှု ကျူးလွန်ခြင်းခံရသူကို ဆိုသည်။

(ဃ) **ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စု** ဆိုသည်မှာ ငွေကြေး သို့မဟုတ် ပစ္စည်း နှင့်စပ်လျဉ်းသည့် အကျိုးအမြတ် တစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရရှိရန်အလို့ငှာ ကြီးလေးသောပြစ်မှုကို ကျူးလွန်ရန် လူ ၃ ဦး နှင့်အထက် ပါဝင်၍ အချိန်ကာလ တစ်ခုအတွက် ပုံစံတကျ ဖွဲ့စည်းထားသောအုပ်စုကို ဆိုသည်၊

**ရှင်း၊ လင်း၊ ချက်၊** **ပုံစံတကျဖွဲ့စည်းထားသောအုပ်စု** ဆိုသည်မှာ ပြစ်မှုကို လတ်တလောကျူးလွန်ရန် ရည်ရွယ်ချက်မဲ့ ကြုံရာကျပန်း ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ပုံစံတကျကြိုတင်ဖွဲ့စည်းထားသည့် အုပ်စုကို ဆိုသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ဝင် အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့်နှင့် အုပ်စု တိုးချဲ့ဖွဲ့စည်းမှုအတွက် သတ်မှတ်ချက်များ နည်းလမ်းတကျ ရှိရန်မလို၊

**Explanation ( 3)** **Debt-bondage** means the pledging by the debtor of his / her personal labour or services or those of a person under his/ her control as payment or security for a debt, when the length and nature of service is not clearly defined or when the values of the services as reasonably assessed is not applied toward the liquidation of the debt.

( b) **Pornography** means representation through exhibition, indecent show, publication, cinematography or by use of modern information technology of a sexual activity or of the sexual parts of a person for primarily sexual purpose.

(c ) **Trafficked victim** means a person on whom trafficking in person has been committed.

(d ) **Organized criminal group** means a structured group of three or more persons, for a certain period with the aim of committing a serious crime, in order to obtain directly or indirectly a benefit relating to money or material.

**Explanation:** **Structured group** means a group that is not randomly formed for the immediate commission of an offence and that does not need to have formally defined rules for the functions and duties of its members, continuity of its membership or a developed structure.

(င) **ကြီးလေးသောပြစ်မှု** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ် ၄ နှစ်နှင့် အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကို ဆိုသည်။

(စ) **နိုင်ငံဖြတ်ကျော်မှုခင်း** ဆိုသည်မှာ တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ကျူးလွန်သော ပြစ်မှုကိုသော်လည်းကောင်း၊ နိုင်ငံတစ်ခုတွင် ကျူးလွန်ထားသော ပြစ်မှု၏ အရေးကြီးသော အစိတ်အပိုင်းများကို အခြားနိုင်ငံ တစ်ခုခုတွင်ပြင်ဆင်ခြင်း၊ စီမံခြင်း၊ ညွှန်ကြားခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းပြုသော ပြစ်မှုကိုသော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများသည် အခြား နိုင်ငံတစ်ခုခု၏ ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုတွင် ပါဝင်ခြင်းနှင့် နိုင်ငံတစ်ခုတွင် ပြစ်မှုကျူးလွန်ရာ၌ အခြားနိုင်ငံတစ်ခုခုကို ထိခိုက်နစ်နာစေသော ပြစ်မှုကို သော်လည်းကောင်း ဆိုသည်။

(ဆ) **ထိန်းချုပ်ဖော်ထုတ်ခြင်း** ဆိုသည်မှာ တရားမဝင်သော သို့မဟုတ် သင်္ကာမကင်းဖွယ်ရာ ဖြစ်သော ပစ္စည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၏ ပိုင်နက်နယ်မြေအတွင်းသို့ဖြစ်စေ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းတို့ကို စုံစမ်းတွေ့ရှိသည့်အခါ အဓိက ကျူးလွန်သူများအား ဖော်ထုတ် အရေးယူရန်အလို့ငှာ သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ထိန်းချုပ်၍ ၎င်းတို့၏ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်စေသည့် နည်းစနစ်ကို ဆိုသည်။

(ဇ) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဖြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့် သက်ရှိသက်မဲ့ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်ဆိုင်ရာ တရားဝင်စာတမ်း အမှတ်အသား၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းနှင့် အကျိုးအမြတ်များလည်း ပါဝင်သည်။

(ဈ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

(e) **Serious crime** means an offence punishable with imprisonment for a term of four years or more under any existing law.

(f) **Transnational crime** means an offence committed in more than one State, or an offence committed in one State but a substantial part of its preparation, planning, direction or control takes place in another State, or an offence in which the offenders are involved in an organized criminal group of another State or an offence committed in one State, which has affects on another State.

(g) **Controlled delivery** means the technique to expose and take action against the principal offenders, effect control with the consent of the relevant authority and proceed on their arrangement, when the import, export, entry, passing through or departure of illegal or suspected property or person in the Union of Myanmar or into the territory of a foreign State is found, on inspection.

(h) **Property means** movable property in any form, being corporeal or incorporeal, tangible or intangible, animate or inanimate or immovable property. This expression also includes legal documents evidencing title, negotiable instruments and benefits pertinent to property.

(i) **Imprisonment for life** means imprisonment passed on a convicted person to serve in the prison until death.

(ည) ကလေးသူငယ် ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသော သူကို ဆိုသည်၊

(ဋ) လူငယ် ဆိုသည်မှာ အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော သူကို ဆိုသည်။

(ဌ) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်၊

## အခန်း (၂)

## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်၊

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအတွက် အလေးထား၍ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) လူကုန်ကူးမှုကို ကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ နှိမ်နင်းဖော်ထုတ် အရေးယူနိုင်ရန်နှင့် ဥပဒေနှင့်အညီ ပြင်းထန်ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တားဆီးကာကွယ်ရန်၊

(ဃ) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း၊ အစိုးရအဖွဲ့အစည်း အချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန်၊

(j) **Child** means a person who has not attained the age of 16 years.

(k) **Youth** means a person who has attained the age of 16 years but has not attained the age of 18 years.

(l) **Central Body** means the Central Body for Suppression of Trafficking in Persons formed under this Law.

## Chapter II
## Aims

4. The aims of this Law are as follows:

(a) to prevent, and suppress the trafficking in persons as a national duty as it damages the pride and pedigree of Myanmar nationality that should be valued and safeguarded by Myanmar race;

(b) in preventing and suppressing trafficking in persons to pay particular attention to women, children and youth;

(c) to enable effective and speedy investigation to expose and take action against persons guilty of trafficking in persons and to prevent further trafficking in persons by passing effective and deterrent punishment;

(d) to liaise and coordinate with international organizations, regional organizations, intergovernmental organizations formed between governmental organizations and non-governmental organizations in accordance with the international conventions relating to suppression of trafficking in persons which Myanmar has acceded;

(ဂ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊

## အခန်း (၃)

## ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ (က) အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်တို့က ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များအနက်မှ သင့်လျော်သူများအား အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ၊

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(၃) သက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်များ။

(ခ) ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ သင့်လျော်သူကို တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၆။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(e) to perform effectively the functions of rescuing, receiving, safeguarding, rehabilitation and reintegration into society of trafficked persons.

## Chapter III

## Formation of the Central Body and Functions and Duties Thereof

5. (a) The Government shall form the Central Body for Suppression of Trafficking in Persons comprising the Minister for the Ministry of Home Affairs as the Chairman, the Deputy Minister for the Ministry of Home Affairs, the Deputy Minister for the Ministry of Social Welfare, Relief and Resettlement and the Deputy Attorney General as Deputy Chairman, Director-General of Myanmar Police Force as Secretary and suitable persons from among the following as members:-

(1) heads of relevant government departments and organizations;

(2) representatives from the non-governmental organizations;

(3) relevant experts;

(b) The Chairman of the Central Body may if necessary assign a suitable person from among the members as the Joint Secretary.

6. The functions and duties of the Central Body are as follows:

(a) submitting suggestions to the Government for laying down a State policy and working programmed relating to suppression of trafficking in persons;

(ခ) မိမိ၏လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်မည့်လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့် ကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်ပေးခြင်း၊

(ဃ) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်သူများပါဝင်သော အဖွဲ့များဖွဲ့စည်း၍တာဝန်ပေးအပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည့် အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေ့လာစိစစ်ရေး အဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့ကို လိုအပ်သည့် ကျွမ်းကျင်သူများ ပါဝင်၍ ကဏ္ဍအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(စ) လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းများအတွက် လိုအပ်သော အစီအစဉ်များ ချမှတ်ပေးခြင်း၊

(ဆ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကူအညီပေးရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်း၊

(ဇ) ဤဥပဒေပါ ပြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားခြင်း၊

(b) forming the required working groups to implement its functions and duties and determining the functions and duties thereof;

(c) forming the different levels of State, Divisional, District and Township Bodies for Suppression of Trafficking in Persons and determining the functions and duties thereof;

(d) forming the bodies comprising experts to perform research works for carrying out suppression of trafficking in persons effectively and assigning duty thereto and supervising thereof;

(e) forming sector-wise Monitoring Mechanism and Evaluation Team comprising experts and assigning duty thereto to obtain the necessary substantive data relating to suppression of trafficking in persons;

(f) laying down the necessary arrangements for the relief, resettlement, rehabilitation, and reintegration into the mainstream of society for the trafficked victims;

(g) communicating and coordinating with international organizations, regional organizations, foreign States, local and foreign non-governmental organizations, and obtaining assistance for works relating to suppression of trafficking in persons, protection and rendering assistance, resettlement and rehabilitation;

(h) directing as may be necessary to seize immovable properties involved in an offence under this Law as exhibit;

(ဈ) ဤဥပဒေအရ သက်သေခံအဖြစ် သိမ်းဆည်းသော ဖြစ်မှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ဝရမ်းကပ် ချိတ်ပိတ်ထားရန် ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့်ဖြစ်မှုတွင် သက်ဆိုင်ရာတရားရုံးက ချမှတ်သော အပြီးသတ် ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ည) ဤဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဋ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းအဖွဲ့များကို သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည့်အပြင် အခြားလိုအပ်သော လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်သည် –

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၊

(ခ) ဒုတိယရှေ့နေချုပ်ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊

(ဂ) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့။

(i) directing when necessary the attachment and sealing of immovable properties involved in the offence, which have been seized as exhibits; in prosecuted offence, disposal as may be necessary in accordance with the final order of the relevant Court;

(j) reporting to the Government from time to time the implementation activities under this Law;

(k) carrying out functions and duties relating to suppression of trafficking in persons assigned by the Government from time to time.

7. The Central Body shall form the following working groups comprising suitable persons and may form other required working groups to carry out the implementation of the suppression of trafficking in persons:

(a) Working Group on Prevention of Trafficking in Persons and Protection of Trafficked Victims, headed by the Deputy Minister for the Ministry of Home Affairs;

(b) Working Group on Legal Framework and Prosecuting Measures headed by the Deputy Attorney General;

(c) Working Group on Repatriation , Reintegration and Rehabilitation of Trafficked Victims, headed by the Deputy Minister for the Ministry of Social Welfare, Relief and Resettlement.

## အခန်း (၄)

## လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

၅။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဖွဲ့က အတည်ပြုထားသော စီမံချက်များနှင့်အညီ လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိခြင်းဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဂ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အစီအစဉ်များ ချမှတ်ပြီး ပြည်တွင်းပြည်ပ ကွန်ရက် ထူထောင် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သတင်းဖလှယ်ခြင်း၊

(ဃ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) လူကုန်ကူးမှုများကို ကြိုတင်တားဆီးကာကွယ်ရေးနှင့် ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် အထူးလေ့ကျင့်ထားသည့်တပ်ဖွဲ့ ထူထောင်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) လူကုန်ကူးမှုများကို စုံစမ်းဖော်ထုတ်ရာတွင် လိုအပ်ချက်အရ ထိန်းချုပ်ဖော်ထုတ်ခြင်းနည်းစနစ်ကို အသုံးပြုနိုင်ရန် တင်ပြလာသည့်အခါ စိစစ်ခွင့်ပြုခြင်းနှင့် လိုအပ်ပါက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

## Chapter IV

## Functions and Duties of the Working Groups

8. The functions and duties of the Working Group on Prevention of Trafficking in Persons and Protection of Trafficked Victims are as follows:

(a) forming Sub-Working Groups to carry out effectively the prevention of trafficking in persons according to schemes approved by the Central Body;

(b) performing effectively works relating to educating and publication of the danger of trafficking and evil consequences to the people for the prevention of trafficking in persons;

(c) sharing information by laying down the prevention of trafficking in persons programmes, communicating and exchanging news with domestic and foreign network;

(d) communicating and coordinating with different levels of State, Divisional, District and Township bodies on suppression of trafficking in persons;

(e) supervising the set-up of specially trained force for the prevention of trafficking in persons, speedy and effective investigation and exposure;

(f) scrutinizing and permitting to enable the use of the controlled delivery system upon requirement when exposing and investigating the trafficking in persons and liaising and coordinating with foreign States, if necessary;

(ဆ) လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) လူကုန်ကူးခံရပြီး မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နိုင်ငံခြားသားများအား သတ်မှတ်ချက် များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်မည့် ပုဂ္ဂိုလ်များအား လိုအပ်သည့် လေ့ကျင့်ပညာပေးမှုများ စီစဉ်ဆောင်ရွက်ခြင်း၊

(ည) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း၊

(ဋ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်း များနှင့် ဆက်သွယ်မှုပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံများအကြား သဘောတူညီချက်များ ချုပ်ဆိုရေးတို့ အတွက် ဗဟိုအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(ဌ) ဗဟိုအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(g) laying down and carrying out working programmes relating to protection and assistance to the trafficked victims programmes especially women, children and youth;

(h) laying down and carrying out working programmes relating to protection and assistance in conformity with the stipulations to foreigners who are trafficked victims and have arrived in Myanmar;

(i) arranging the required training and educating of persons who will undertake the duty of protecting the trafficked victims;

(j) obtaining assistance of the relevant government departments, organizations and non-governmental organizations for the effective implementation of this Law;

(k) recommending the enhanced communication and cooperation with international organizations and regional organization and entering into bilateral or multilateral agreements;

(l) carrying out other functions and duties assigned by the Central Body.

9. The functions and duties of the Working Group on Legal Framework and Prosecuting Measures are as follows:

(က) လူကုန်ကူးမှုများကို တားဆီးကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ရေးနှင့် လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာနှင့် လုံခြုံမှုတို့အတွက် သက်ဆိုင်သည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ရေးအတွက် လိုအပ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လူကုန်ကူးမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသော အထောက်အထားများဖြင့် တရားစွဲဆို တင်ပို့စေရေးအတွက် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဂ) ဤဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏ လုံခြုံမှုကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း။

(ဃ) နိုင်ငံဖြတ်ကျော်မှုခင်းအဖြစ်ကျူးလွန်သည့် လူကုန်ကူးမှုများနှင့် စပ်လျဉ်း၍ နိုင်ငံအချင်းချင်း အကူအညီပေးရန် သို့မဟုတ် အကူအညီရယူရန် လိုအပ်ပါက ဗဟိုအဖွဲ့သို့ တင်ပြခြင်း။

(င) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လိုအပ်သော သင်တန်းအစီအစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ဆ) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကို ရယူခြင်း။

(a) drafting and submitting to the Central Body the necessary draft of the rules, procedures, notifications, orders and directives for the determination of security status of related information of trafficked victims for the dignity and security and identification of trafficked victims, in respect of the prevention of trafficking in persons;

(b) coordinating with the relevant prosecution bodies to impose effective and severe punishment upon the persons who have committed the offence of trafficking in persons and to prosecute with valid evidence in accordance with law;

(c) laying down and carrying out necessary arrangements for the effective protection of trafficked victims and witnesses in prosecution cases under this Law;

(d) submitting to the Central Body, in respect of the commission of trafficking in persons offence as transnational organized crime, if necessary, to give assistance or to obtain assistance between States,

(e) communicating and coordinating with the different levels of State, Divisional, District and Township Bodies for suppression of trafficking in persons;

(f) implementing by laying down the training programme and enhancing skills programmes in order to take effective action under this Law;

(g) obtaining assistance of relevant government departments, organizations, and non-governmental organizations to enable the effective implementation of this Law;

(ဈ) ဗဟိုအဖွဲ့ကပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံပြီး ဇာတိနေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာမိသားစု၏ အခြေအနေကို စုံစမ်းမှုပြုလုပ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူတို့အား ယင်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် အခြားလိုအပ်သော ကူညီထောက်ပံ့မှုပေးခြင်းတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်း ပညာရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးတို့ကို စီမံချက်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤဥပဒေအရ တည်ထောင်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေး ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီကိုရယူခြင်း။

(h) carrying out other functions and duties assigned by the Central Body.

10. The functions and duties of the Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims are as follows:

(a) coordinating and cooperating with relevant government departments, organizations and non-governmental organizations for the repatriation of the trafficked victims, to their native place, enquiring the circumstances of the relevant family, medical examination of trafficked victims with their consent, consolation and education and other necessary assistance;

(b) laying down schemes and implementing to get the vocational education based upon the education and technical knowledge and to get employment opportunities for the rehabilitation of trafficked victims;

(c) communicating and coordinating with different levels of State, Divisional, District and Township Bodies for Suppression of Trafficking in Persons;

(d) arranging to enable utilization from the rehabilitation fund established under this Law for the suppression of trafficking in persons and protection of trafficked victims, in carrying out the rehabilitation works for the trafficked victims;

(e) obtaining assistance of the relevant government departments, organizations and non-governmental organizations for the effective implementation of this Law;

(စ) ဗဟိုအဖွဲ့က ပေးအပ်သော အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း

၁၁။ လူကုန်ကူးခံရသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရန် အလို့ငှာ —

(က) သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေပါ လူကုန်ကူးမှုနှင့် စပ်လျဉ်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူးခံရသူသည် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များ ဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် အများပြည်သူရှေ့တွင် မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမည်။

(ခ) လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ မည်သည့်စုံစမ်းစစ်ဆေးမှု၊ တရားစွဲတင်မှုနှင့် တရားစီရင်မှုအဆင့်တွင်မဆို သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ သတင်းဖြန့်ချိရမည်။

(ဂ) ဤအမှုနှင့်မသက်ဆိုင်သူများကို အမှုတွဲပါ စာရွက်စာတမ်းများ ကြည့်ရှုကူးယူခွင့်မပြုရ။

၁၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူမှာ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာယိန္ဒြေစောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် လိုအပ်သည့် စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရမည်။

၁၃။ ဗဟိုအဖွဲ့သည် -

(က) လူကုန်ကူးခံရသူအား ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းမပြုရ။

(f) carrying out other functions and duties assigned by the Central Body.

## Chapter V
## Safeguarding the Rights of Trafficked Victims

11. In order not to adversely affect the dignity of the trafficked victims:

(a) if the trafficked victims are women, children and youth, the relevant Court shall, in conducting the trial of offences of trafficking in persons, do so not in open Court, but in camera for the preservation of their dignity, physical and mental security.

(b) with respect to trafficking in persons, the publication of news at any stage of investigation, prosecution, adjudication shall be made only after obtaining the permission of the relevant Body for the Suppression of Trafficking in Persons.

(c) person not involved in this case shall not be allowed to peruse or make copies of documents contained in the proceedings.

12. The Central Body shall, if the trafficked victims are women, children and youth, make necessary arrangements for the preservation of dignity, physical and mental security.

13. The Central Body:

(a) shall not take action against the trafficked victims for any offence under this Law.

(ခ) လူကုန်ကူးမှုမှ တိုက်ရိုက် အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော အခြားဖြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အရေးယူရန် သင့်မသင့် ဆုံးဖြတ်ပေးရမည်၊

(ဂ) ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် လူကုန်ကူးခံရသူမှာ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူဖြစ်ပါက ယင်းအား အမြဲတမ်းနေထိုင်ခွင့် ရရှိရေး လုံခြုံရေးနှင့် ၎င်း၏ အခြေအနေအဆင့်အတန်းအတွက် ကာကွယ်ပေးရမည်။

၁၄။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ၏ အဝလုံခြုံရေးအတွက် စီစဉ် ဆောင်ရွက်ပေးရမည့်အပြင် ၎င်းတို့အား နေရပ်သို့ ပြန်လည်ပို့ဆောင်ရေးနှင့် အခြေချနေထိုင်ရေးတို့ကို ၎င်းတို့၏ဆန္ဒနှင့်အညီ ဖြစ်နိုင်သမျှ စီစဉ် ဆောင်ရွက်ပေးရမည်။

၁၅။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူကို တရားစွဲဆိုသည့် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်ပေးမည့် လူကုန်ကူးခံရသူ နိုင်ငံခြားသားအား မြန်မာနိုင်ငံတွင် ယာယီနေထိုင်ခွင့်ပြုရေးနှင့် စစ်ဆေးပြီးပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရမည်။

## အခန်း (၆)

## လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့်လူငယ်များအား အထူးကာကွယ်စောင့်ရှောက်ခြင်း

၁၆။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် လူကုန်ကူးခံရသူ အမျိုးသမီးများ ကလေးသူငယ်နှင့် လူငယ်များနှင့် စပ်လျဉ်း၍—

(က) ယင်းတို့၏ ဂုဏ်သိက္ခာနှင့် မည်သူမည်ဝါဖြစ်ကြောင်း သီးသန့်ထားရှိခြင်းကို အထူးကာကွယ် စောင့်ရှောက်ရမည့်အပြင် လိုအပ်သော လုံခြုံမှုနှင့် အကူအညီများကို ပေးရမည်၊

(ခ) ယင်းတို့အတွက် အကောင်းဆုံးအခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိပါက မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် ဆောင်ရွက်ပေးရမည်၊

(b) shall determine whether or not it is appropriate to take action against the trafficked victims for any other offence arising as a direct consequence of trafficking in persons.

(c) shall, if the trafficked person who re-entered the country has a right of permanent residence protect his right to get permanent residence, security and relevant status.

14. The Central Body shall arrange and carry out for the security of life of trafficked victims and to arrange according to their wishes for repatriation and resettlement as much as possible.

15. The Central Body shall in the prosecution of a person guilty of trafficking in persons coordinate with the relevant Ministries for the temporary residence in Myanmar and repatriation to the relevant State of the trafficked victim who is a foreigner, after giving the testimony.

## Chapter VI
## Special Protection of Trafficked Victims, Women Children and Youth

16. The Central Body and relevant Working Groups shall, with respect to the trafficked victims who are women, children and youth:

(a) give special protection of their dignity and identification and necessary security and assistance.

(b) carry out to send them back to their parents or guardian if after scrutiny it is found that it is the best condition for them.

(ဂ) မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရန် အခြေအနေ မပေးသည့်အခါတွင် ဖြစ်စေ၊ ပြန်လည်ပို့ဆောင်ရန် မသင့်လျော်သော အခြေအနေ ရှိသည့်အခါတွင်ဖြစ်စေ အခြားသင့်လျော်၍ လုံခြုံ စိတ်ချရသည့် ကာကွယ်စောင့်ရှောက်မှုများကို စီစဉ်ပေးရမည်။

(ဃ) အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု၊ လွတ်လပ်စွာ ရွေးချယ်မှုတို့ကို အလေးထား၍ စီစဉ် ဆောင်ရွက်ပေးရမည်။

(င) ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ၎င်းတို့၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါး ကုသပေးခြင်းတို့ကို အထူးတစီတစဉ်ဖြင့် ဆောင်ရွက်ပေးရမည်။

(စ) ၎င်းတို့နှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လျှို့ဝှက် ထားရှိခြင်းဖြင့် အကာအကွယ်ပေးရမည်။

၁၇။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုကျူးလွန်သူများအား ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်ဖြင့် တရားစွဲဆိုနေသည့် ကာလအတွင်းတွင် ဖြစ်စေ၊ လူကုန်ကူးခံရသူက လူကုန်ကူးခံရမှုကြောင့် မတရား နစ်နာဆုံးရှုံးရခြင်းအတွက် နစ်နာကြေး ရရှိလို၍ စွဲဆိုနေသည့် ကာလအတွင်းတွင် ဖြစ်စေ၊ လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေး သူငယ်နှင့် လူငယ်များ၏ လုံခြုံမှုနှင့် အခြားလိုအပ်သည့် ကာကွယ်စောင့်ရှောက်မှု အစီအစဉ်များကို ချမှတ်ဆောင်ရွက်ပေးရမည်။

၁၈။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ် များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းတာဝန် ထမ်းဆောင်သော ပုဂ္ဂိုလ်များကို လိုအပ်သည့် သင်တန်းများနှင့် လေ့ကျင့်မှုများ ပြုလုပ်ပေးရန် အစီအစဉ် များကို ချမှတ်ဆောင်ရွက်ရမည်။

(c) arrange other suitable and secure protection when there is no condition for repatriation to the parents and guardian or inappropriate condition for repatriation.

(d) arrange with emphasis on freedom of expression of their desire and freedom of choice according to their age and maturity.

(e) carry out with special arrangement for remedy of their physical and mental damage, giving vocational education based upon education and technique and medical examination and medical treatment with their consent.

(f) give protection by keeping confidential the information relating to them.

17. The Central Body shall lay down and carry out programmes of security and other protection for the trafficked victims women, children and youth during the period of prosecution of persons guilty of any offence of trafficking in persons under this Law or during the period of instituting a suit for compensation for tort by the trafficked victim for the trafficking in persons.

18. The Central Body shall lay down and carry out the programmes to conduct necessary training courses for persons performing the functions and duties relating to the protection of trafficked victims especially women, children and youth.

## အခန်း (၇)

## လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း

၁၉။ ဗဟိုအဖွဲ့သည် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့စေခြင်း၊ ပြန်လည်ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရမည် —

(က) လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့် ညှိနှိုင်းမှုများ စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ခ) လူကုန်ကူးခံရသူများ ယာယီနေထိုင်ရန် လုံခြုံမှုရှိသောနေရာ သို့မဟုတ် သင့်လျော်သည့်နေရာထိုင် စီစဉ်ပေးခြင်း၊

(ဂ) လူမှုရေးဆိုင်ရာ ပြန်လည်မှုထောင်ပေးခြင်း၊

(ဃ) လူကုန်ကူးခံရသူက မိမိ၏နစ်နာမှုအတွက် တရားစွဲကြောင်း ခွဲဆိုမှုတွင် လိုအပ်ပါက ရှေ့နေ ငှားရမ်းပေးခြင်း၊ ဥပဒေအရာရှိအား အမှုတွင် လိုက်ပါဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးသို့ မေတ္တာရပ်ခံပေးခြင်း သို့မဟုတ် မကာဏ္ဍမှဖြင့် ကြားနာစစ်ဆေးနိုင်ရန် အကူအညီပေးခြင်း၊

(င) လူကုန်ကူးခံရသူက သက်သေခံချက်ပေးသည့်အခါတွင် ဖြစ်စေ၊ အမှုရင်ဆိုင်သည့် အခါတွင်ဖြစ်စေ လုံခြုံရေးအစီအစဉ်များ ချမှတ်ပေးခြင်းနှင့် အခြားရထိုက်သည့် အခွင့်အရေးများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) လူကုန်ကူးခံရသူ၏ သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊

(ဆ) လူကုန်ကူးခံရသူများ၏ အသက်ရပ်တည်နိုင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှု အခြေခံသော အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးဆိုင်ရာ အခွင့်အလမ်းများ စီစဉ်ပေးခြင်း၊

## Chapter VII

## Repatriation, Reintegration and Rehabilitation

19. The Central Body shall, after coordination with the relevant departments, organizations and non-governmental organizations for the repatriation of trafficked victims, reintegration into the mainstream of the society resettlement and rehabilitation the trafficked victims carry out as follows:

(a) arranging and carrying out necessary coordination for the repatriation of the trafficked victims;

(b) arranging the temporary shelter at a safe place or appropriate house for the trafficked victims;

(c) rehabilitating the social aspect;

(d) hiring a lawyer if necessary in a suit instituted by the trafficked victim for his/her grievance, requesting the Office of the Attorney General for a Law Officer to conduct in the case or assisting in bearing with interpreter;

(e) laying down the security programmes and arranging for other rights entitled while the trafficked victims are giving testimony or contesting a case;

(f) arranging medical examination and giving medical treatment with the consent of the trafficked victims;

(g) arranging for teaching of vocational education based upon education and technical opportunities for the survival of the life of the trafficked victim.

၂၀။ ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများမှ တာဝန်ရှိသူများသည် ပြည်ပနိုင်ငံတွင်ရောက်ရှိနေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားများအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ စီစဉ်ဆောင်ရွက်ပေးရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို နိုင်ငံတော်က ကျခံနိုင်သည်။

## အခန်း (၈)
## ရန်ပုံငွေထူထောင်ခြင်း

၂၂။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန်အလို့ငှာ –

(က) နိုင်ငံတော်ကထောက်ပံ့သောငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေကြေးများကို ရန်ပုံငွေတစ်ရပ်အဖြစ် ထူထောင်နိုင်သည်။

(ခ) နိုင်ငံတော်ကထောက်ပံ့သောပစ္စည်းများနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသောပစ္စည်းများကို လက်ခံ၍ လိုအပ်သလို စီမံခန့်ခွဲ နိုင်သည်။

၂၃။ ဗဟိုအဖွဲ့သည် –

(က) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထောက်ပံ့ လှူဒါန်းထားသောပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း လုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဖြစ်စေရန် စာရင်းစစ်ချုပ်ကတာဝန်ပေးသူက စစ်ဆေးခြင်းကို ခံယူရမည်။

20. The responsible officials of the Embassies of the Union of Myanmar in foreign States shall provide necessary protection for trafficked victims of Myanmar citizens or permanent resident foreigners of Myanmar and coordinate with the relevant responsible persons for sending them back to Myanmar.

21. The expenditures relating to suppression of trafficking in persons may be borne by the State in accordance with the provisions of this Law.

## Chapter VIII
## Establishment of the Fund

22. The Central Body may, for the purpose of utilizing for the suppression of trafficking in persons, repatriation and rehabilitation of trafficked victims:

(a) establish a fund with money supported by the State and money donated from local and foreign sources.

(b) accept and administer the property supported by the State and property donated from local and foreign sources.

23. The Central Body shall:

(a) in coordination with the Auditor General's Office determine the procedures relating to the maintenance of the fund and the administration of the property supported and donated.

(b) keep the functions under sub-section (a) in accordance with the procedures and shall submit to the inspection by the person assigned by the Auditor General.

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၅။ မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များမှအပ အခြားသူ တစ်ဦးဦးကို လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် –

(က) လူကုန်ကူးမှု ကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြား၍ သူတစ်ဦးဦးအား မွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်း၊

(ခ) လူကုန်ကူးခံရသူကို ပြည်ပသို့ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်း အထောက် အထား စာတမ်းအမှတ်အသား သို့မဟုတ် တံဆိပ်ကို အတုပြုလုပ်ခြင်း သို့မဟုတ် တရားမဝင် ရယူပေးခြင်း။

၂၇။ မည်သူမဆို ညစ်ညမ်းသည့်ပုံ ပြသခြင်းပြုရေးအတွက် လူကုန်ကူးခံရသူကို ခိုင်းစေခြင်း သို့မဟုတ် စီစဉ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## Chapter IX

### Offences and Penalties

24. Whoever is guilty of trafficking in persons especially women, children and youth shall, on conviction be punished with imprisonment for a term which may extend from a minimum of 10 years to a maximum of imprisonment for life and may also be liable to a fine.

25. Whoever is guilty of trafficking in persons other than women, children and youth shall, on conviction be punished with imprisonment for a term which may extend from a minimum of 5 years to a maximum of 10 years and may also be liable to a fine.

26. Whoever is guilty of any of the following acts shall, on conviction be punished with imprisonment for a term which may extend from a minimum of 3 years to a maximum of 7 years and may also be liable to a fine:

(a) adopting or marrying fraudulently for the purpose of committing trafficking in persons.

(b) causing obtaining unlawfully the necessary documentary evidence documents or seal for enabling a trafficked victim to depart from the country or enter into the country.

27. Whoever is guilty of making use or arranging with a trafficked victim for the purpose of pornography shall, on conviction be punished with imprisonment for a term which may extend from a minimum of 5 years to a maximum of 10 years and may also be liable to a fine.

၂၈။ မည်သူမဆို -

(က) ပုဒ်မ ၂၄ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်အနှစ် ၂၀ မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ ပါ လူကုန်ကူးမှုကို ဂိုဏ်းဖွဲ့ကျူးလွန်သူအုပ်စုဖြင့် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဂ) ဂိုဏ်းဖွဲ့ကျူးလွန်သူ အုပ်စုတွင် အဖွဲ့ဝင်ဖြစ်ကြောင်း ပေါ်ပေါက်လျှင် ထိုသူသည် ပြစ်မှုကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၂၉။ မည်သူမဆို လူကုန်ကူးမှုကို ကျူးလွန်ရာတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ပါ ကြီးလေးသောပြစ်မှုကိုလည်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့် ပြည်သူ့ဝန်ထမ်းမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းပြုရာတွင် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေးနှင့်ပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း၊ သို့မဟုတ် လက်ခံရယူခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ၃ နှစ်မှ အများဆုံးထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

28. Whoever :

(a) is guilty of trafficking in persons with organized criminal group as provided in section 24 shall, on conviction be punished with imprisonment for a term which may extend from a minimum of 20 years to a maximum of imprisonment for life and may also be liable to a fine;

(b) is guilty of trafficking in persons with organized criminal group as provided in sections 25, 26 or 27 shall, on conviction be punished with imprisonment for a term which may extend from a minimum of 10 years to a maximum of imprisonment for life and may also be liable to a fine;

(c) is found to be a member of an organized criminal group shall, on conviction be punished with imprisonment under sub-section (a) or sub-section (b) whether he has personally taken part or not in the commission of the offence.

29. Whoever is also guilty of a serious crime provided in sub-section (e) of section 3, in committing trafficking in persons shall, on conviction be punished with imprisonment for a term which may extend from a minimum of 10 years to a maximum of imprisonment for life or death sentence.

30. Any public official who demands or accepts money and property as gratification either for himself or for another person in carrying out investigation, prosecution and adjudication in respect of any offence under this Law shall, on conviction be punished with imprisonment for a term which may extend from a minimum of 3 years to a maximum of 7 years and may also be liable to a fine.

၃၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်း ခံရမည်။

၃၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုပြုလျှင် ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၃၃။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည့်အမိန့် ချမှတ်ရမည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှ ဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်းခံရသူအား နစ်နာကြေးပေးသည့်အမိန့် ချမှတ်နိုင်သည်။

## အခန်း (၁၀)

## အထွေထွေ

၃၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်း ဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားတရားဝင်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့် အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

31. Whoever is guilty of any offence provided in this Law shall, after a prior conviction for the same offence be liable to the maximum punishment provided for such subsequent offence.

32. Whoever prepares, attempts, conspires, organizes, administers or abets, or provides financial assistance to commit or in commission of any such offence shall be liable to the punishment provided in this Law for such offence.

33. The Court shall, in passing a sentence for any offence provided in this Law, pass an order for confiscation or disposal in accordance with the stipulations of the property involved in the offence, which have been seized as exhibits. It may pass an order to pay damages to the trafficked victim from the money confiscated or from the proceeds of sale of property or from the fine.

## Chapter X

## Miscellaneous

34. If an exhibit involved in any offence prosecuted under this Law is not easily producible before the Court, such exhibit need not be produced before the court. However, a report or other relevant documentary evidence as to the manner of custody of the same may be submitted. Such submission shall be deemed as if it were a submission of the exhibit before the Court and the relevant Court shall pass an order for disposal of the same in accordance with this Law.

၃၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက် ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သောရုံးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၃၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ လူကုန်ကူးမှုနှင့် သက်ဆိုင်သောပြစ်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့ကလွှဲအပ်ထားသော အဖွဲ့တစ်ခုခု၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်—

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

35. The Ministry of Home Affairs shall form the Staff Office as may be necessary in accordance with the stipulations for the purpose of assistance in carrying out the functions and duties of the Central Body.

36. Notwithstanding anything provided in any existing Laws, action shall be taken only under this Law on offences relating to trafficking in persons.

37. In prosecuting any offence under this Law, prior sanction of the Central Body or any Body assigned by the Central Body shall be obtained.

38. In implementing the provisions contained in this Law:

(a) the Ministry of Home Affairs may with the approval of the Government; issue such rules and procedures as may be necessary.

(b) the Central Body and the relevant Ministries may issue such notifications, orders and directives, and the Director General may issue such orders and directives as may be necessary.

(Sd) Than Shwe

Senior General

Chairman

The State Peace and Development Council